ရက်စွဲ။ ၁၃ . ၁၀ . ၂၀၂၃

**(၂၀၂၂ - ၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့် မရှိသည့် အစုရှယ်ယာဝယ်ယူသည့်ရက် တို့အား အသိပေးကြေညာခြင်း**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၀၂၂ - ၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် ကျင်းပပြုလုပ်မည့် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်မဲပေးနိုင်ရန်နှင့် အမြတ်ဝေစု ခံစားခွင့် ရရှိနိုင်ရန်အတွက် **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့**ကို အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်နေ့ (Record Date) တွင်ရှိသော YSX မှပေးပို့လာသည့် အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့မှ စတင်၍ ဝယ်ယူမည့် အစုရှယ်ယာများသည် (၂၀၂၂ - ၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစု (Dividend) များကို ခံစားခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။

အမြတ်ဝေစုထုတ်ဝေပေးခြင်းကို မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၁၈၄) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် (၅/၂၀၁၇) နှင့်အညီ ခွင့်ပြုချက်ရရှိမှသာ အမြတ်ဝေစု များကို ခွဲဝေထုတ်ပေးသွားမည် ဖြစ်ပါသည်။

| အကြောင်းအရာ | ရက်စွဲ |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာဝယ်ယူ ရမည့်နောက်ဆုံးရက် (Last Day to Trade) | ၁၈.၁၀.၂၀၂၃ |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာ ဝယ်ယူသည့်ရက် (Ex-Date) | ၁၉.၁၀.၂၀၂၃ |
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) | ၂၃.၁၀.၂၀၂၃ |

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်